# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၉။]**

**၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်။**

**[၁၉၅၄ ခုနှစ်၊ မတ်လ ၂၆ ရက်။]**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၂၀,၅၅,၃၄,၄၇၀ (ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

| | ဇယား | | |
|---|---|---|---|
| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
| | | | ကျပ်။ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ---- | ---- | ၁,၅၆,၀၁၀ |
| ပညာရေး | ---- | ---- | ၁,၆၅,၀၉၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ---- | ---- | ၃၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ | ---- | ---- | ၁၀ |

| | | |
|---|---|---|
| | ဇယား။ ။ | |

| | အဆုံး | | |
|---|---|---|---|
| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
| | | | ကျပ်။ |
| အထွေထွေ | ---- | ---- | ၆၀ |
| ပြည်နယ်အစိုးရများသို့ ထောက်ပံ့ငွေ | ---- | ---- | ၁၇,၄၅,၃၀၀ |
| အမြတ်တော်ခွန်အတွက် မ,တည်ငွေရင်း | ---- | ---- | ၇၃,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း | ---- | ---- | ၅,၄၂,၅၅၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း | ---- | ---- | ၁၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း | ---- | ---- | ၁၂,၆၈,၇၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း | | | ၂၉,၁၆,၉၃၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း | ---- | ---- | ၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | ---- | ---- | ၇၀ |
| ကာကွယ်ရေး အမှုထမ်းအဖွဲ့များအတွက် မ,တည် ငွေရင်း | ---- | ---- | ၁၀ |
| စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း | ---- | ---- | ၃,၃၃,၃၃,၃၄၀ |
| နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အတွက် မ,တည်ရင်းနှီးငွေ | ---- | ---- | ၅,၀၀,၀၀,၀၀၀ |
| နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်အတွက်မ,တည်ငွေရင်း | ---- | ---- | ၁,၂၀,၀၀,၀၀၀ |
| ၁၉၄၇ ခုနှစ်၊ အင်္ဂလိပ် - မြန်မာစာချုပ် အပိုဒ် ၆ အရ၊ ယူနိုက်တက် ကင်းဒမ်းအစိုးရသို့ ကြွေးမြီ ပြန်လည်ပေးဆပ်ခြင်း | | | ၉,၇၃,၃၃,၃၄၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရ အာဏာပိုင်များ သို့ ချေးငွေများ | ---- | ---- | ၆၀,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ | ---- | ---- | ၁၀ |
| | ပေါင်း | ---- | ၂၀,၅၅,၃၄,၄၇၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်။

(၁၉၅၄ ခုနှစ်၊ မတ်လ ၂၆ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတကြီး၏အတွင်းဝန်။

[အမှတ် ၂၁]